ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
ဘဝန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ကျပ် K 100

၃။ ဦးအောင်ကိုလတ်သည် People Origin Co., Ltd. (UMG Group of Companies)ထံမှ Valvoline Lubricant များကို တစ်လလျှင် အနည်းဆုံးလီတာ (MCO) လီတာ(၆၀၀) ပုံမှန်ရောင်းချပေးမည်ဖြစ်ပါသည်။ လုပ်ငန်းကာလ (တစ်)နှစ်အတွင်း ဦးအောင်ကိုလတ်မှ နှစ်ဖက်သဘောတူ သတ်မှတ်ထားသည့်ခံချိန် အင်ဂျင်ဝိုင် (၇,၂၀၀)လီတာပြည့်မီအောင် ရောင်းချနိုင်ပါက Additional (၃)ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အင်ဂျင်ဝိုင် (၉,၆၀၀) လီတာပြည့်မီအောင် ရောင်းချနိုင်ပါက Additional (၅)ရာခိုင်နှုန်းဖြင့် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

၄။ ဦးအောင်ကိုလတ်သည် People Origin Co., Ltd. (UMG Group of Companies)ထံမှ Valvoline Lubricant များ ဝယ်ယူရာတွင် (MCO)လီတာ အရေအတွက်ညီမျှစွာ ဝယ်ယူရန် နှစ်ဖက်သဘောတူညီကြပါသည်။

၅။ ဦးအောင်ကိုလတ်သည် People Origin Co., Ltd. (UMG Group of Companies)ထံမှ မိမိမှာယူထားသော Valvoline Lubricant များကို အရောင်းတောင်ချာဖွင့်သည့်နေ့မှစ၍ ရက်(၃၀)ပြည့်မြောက်သည့်နေ့တွင် အင်ဂျင်ဝိုင် အရောင်းတန်ဖိုးငွေများကို ကုမ္ပဏီသို့ မဖျက်မတွက်တစ်လုံးတစ်ခဲတည်း အပြည့်အဝအပြေအကြေ ပေးချေမည်ဖြစ်ပါသည်။ ဦးအောင်ကိုလတ်မှ ပထမမှာယူထားသော အင်ဂျင်ဝိုင်များ၏ တန်ဖိုးငွေများကို People Origin Co., Ltd. (UMG Group of Companies)သို့ အပြေအကြေပေးချေပြီးမှသာ နောက်ထပ်အင်ဂျင်ဝိုင်များကို မှာယူရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်။

၆။ People Origin Co., Ltd (UMG Group of Companies)သည် ဦးအောင်ကိုလတ် မှာယူထားသော Valvoline Lubricant များကို ဦးအောင်ကိုလတ်၏ "အောင်အောင်" အင်ဂျင်ဝိုင်ရောင်းဝယ်ရေးသို့ အရောက်ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

၇။ အဆိုပါအင်ဂျင်ဝိုင်များကို ဦးအောင်ကိုလတ်မှ စစ်ဆေးလက်ခံရယူပြီးနောက် အဆိုပါ Valvoline Lubricant များကို ဖျက်စီးလိုယ်ငြင်းခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ မည်သည့်အကြောင်းပြချက်နှင့်မျှ အဆိုပါအင်ဂျင်ဝိုင်များကို ပြန်၍လဲလှယ်ပေးရန် People Origin Co., Ltd. (UMG Group of Companies)သို့ တောင်းဆိုမည်မဟုတ်ကြောင်း ဦးအောင်ကိုလတ်မှ ဝန်ခံကတိပြုပါသည်။

၈။ ဦးအောင်ကိုလတ်သည် Valvoline Lubricant များကို နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် မော်လမြိုင်မြို့တွင်သာ ကုမ္ပဏီမှ သတ်မှတ်ထားသော ပူးတွဲစာရင်းတွင် ပါရှိသည့်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေးမည် ဖြစ်ပါသည်။

အကယ်၍ ဦးအောင်ကိုလတ်မှ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် မော်လမြိုင်မြို့အပြင် အခြားမြို့များသို့ Valvoline Lubricant များကို ရောင်းချခဲ့ပါက ဖြစ်ပေါ်လာသော People Origin Co., Ltd. (UMG Group of Companies)၏ နစ်နာမှုအဝဝကို ဦးအောင်ကိုလတ်မှ တာဝန်ယူပေးလျော်ရမည်။

၉။ Valvoline Lubricant များ ရောင်းချခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မှန်ကန်မှုတမှုကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြရမည်။ အကယ်၍ ပြေလည်မှုမရရှိခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရန် နှစ်ဖက်သဘောတူညီကြပါသည်။

၁၀။ Valvoline Lubricant များကို ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူသတ်မှတ်ကာလသည် (၂ - ၅ - ၂၀၂၃)ရက်နေ့မှ (၃၁ - ၅ - ၂၀၂၄)ရက်နေ့အထိ (၁)နှစ်တိတိ ဖြစ်ပါသည်။

Scanned by CamScanner
Scanned with CamScanner